## စာရေးသူရဲ့အမှာ

စာရေးသူရဲ့ "အလယ်တန်း" "အထက်တန်း" Letters and Essays တွေထွက်ခဲ့တာ ငွေရတုတောင် ကျင်းပလို့ရတော့မယ်ထင်ပါတယ်။ "မူလတန်း" အတွက်လဲ လိုအပ်ပါတယ်၊ ရေးပေးပါဦးလို့ ပါမောက္ခ (အောင်ပိုင်မင်းစာပေ) က ထုတ်ဝေသူများက အတင်းတိုက်တွန်းကြတဲ့အတွက် အခု "မြန်မာလိုတွေး အင်္ဂလိပ်လိုရေး မူလတန်း Paragraph Writing " ထွက်ရှိလာခြင်း ပဲဖြစ်ပါတယ်။

မူလတန်းကလေးများကို ရည်စူးတယ်ဆိုပေမယ့် I am Maung Maung. You are Mi Mi. I am a boy. You are a girl. I live in Kamayut. You live in Sangyaung စတဲ့ အရေးအသားမျိုးမဟုတ်ဘဲ၊ စာရေးသူရဲ့ ထုံးစံအတိုင်း အတွေးလှလှ၊ အရေးလှလှ၊ အင်္ဂလိပ်စာဝါကျ ပီပီသသ ကလေးတွေ အသုံးပြုပြီး ရေးဖွဲ့ထားပါတယ်။ တတိယတန်း (Grade IV) နဲ့ စတုတ္ထတန်း (Grade V) ဆိုရင် အင်္ဂလိပ်စာနဲ့ထိတွေ့သက် လေးငါးနှစ်ရှိပြီပေါ့။ ဒီစာအုပ်ဟာ တတိယတန်းနဲ့ စတုတ္ထတန်းကလေးများ အတွက် အထူးရည်ရွယ်ပါတယ်။

တချို့ဝါကျ၊ တချို့အဖွဲ့အနွဲ့ကလေးတွေ နည်းနည်းကလေး မြင့်ကောင်းမြင့်နေပေလိမ့်မယ်။ ဒါပေမဲ့ ဗမာလိုတစ်ကြောင်း အင်္ဂလိပ်လို တစ်ကြောင်း ရေးထားတာကြောင့် သိပ်အခက်တွေ့မယ် မထင်ပါ။ Notes (မှတ်စု)မှာလဲ ခက်ဆစ်အဓိပ္ပာယ်အပြင်၊ အခြားလိုအပ်မယ်လို့ ထင်တာတွေကိုပါ ရှင်းလင်းပြထားတဲ့အတွက် ကလေးများအလွယ်တကူ သဘောပေါက်ပါလိမ့်မယ်။

ခေါင်းစဉ်(Title) တစ်ခုကို စာပိုဒ် ( Paragraph) ၄-မျိုးရေးပြထားတဲ့ ရည်ရွယ်ချက်ကတော့ ကလေးတွေ အမျိုးမျိုးတွေးတတ် ရေးတတ်အောင်ပါပဲ။ ခေါင်းစဉ် (Title) ၁၇-ခုဆိုတော့ စာပိုဒ် (Paragraph) ပေါင်း ၆၈-ပိုဒ်ပေါ့။ ဒီစာတွေအပြင် လိုရမည်ရ ပေးစာပြန်စာ (Letter Writing) ရေးပုံရေးနည်း-၄၃ချက်နဲ့ နမူနာစာတစ်စောင်ကိုပါ ထည့်သွင်းထားပါတယ်။ ဒီစာပိုဒ်တွေ၊ Letter Writing အချက်အလက်တွေကို ခွဲလွဲ့လန့် ထပ်ဖန်တလဲလဲ ဖတ်ရှုကျက်မှတ်မယ်၊ ဆင်တူယိုးမှား ဝါကျများကို ကြိုးစားပမ်းစား လေ့ကျင့်ရေးသားမယ်ဆိုရင် မူလတန်းအတွက်သာမက အလယ်တန်း၊ အထက်တန်းများအထိ အကျိုးပြုမယ့်စာများ ဖြစ်ကြောင်း ရဲရဲကြီးအာမခံလိုပါတယ်။

ချစ်မြေးကလေးများဖြစ်ကြတဲ့
"နန်းရွှေနရီမြေဦး" နဲ့ "နန်းရွှေ ပန်းချီမြေမှူး" တို့အတွက်
ဒီစာအုပ်ကို ရည်စူးပါတယ်။

*There is no short cut to respectability and honour.*

**လေးစားရထိုက်မှုအစ်သော အရာဟူသမျှ ဖြတ်လမ်းမရှိ**

ခိုင်အောင်ဝင်း
ရန်ကုန်မြို့
01 January 2015

## မာတိကာ


၁။ စာရေးသူ့အမှာ
၂။ MYSELF ၁
၃။ MY FATHER ၁၄
၄။ MY MOTHER ၂၅
၅။ MY FAMILY ၃၅
၆။ MY GRANDFATHER /GRANDPA ၄၆
၇။ MY GRANDMOTHER / GRANDMA ၅၆
၈။ MY PARENTS ၆၉
၉။ MY BEST FRIEND ၈၀
၁၀။ MY TEACHER ၉၃
၁၁။ MY SCHOOL ၁၀၂
၁၂။ MY CLASSROOM ၁၁၄
၁၃။ MY PET DOG ၁၂၆
၁၄။ MY BIRTHDAY ၁၃၄
၁၅။ A VISIT TO THE ZOO ၁၄၄
၁၆။ MY DAILY WORK ၁၅၅
၁၇။ WHAT I DID YESTERDAY ၁၆၆
၁၈။ WHAT I WILL DO AFTER THE EXAMINATION 1 ၁၇၆
၁၉။ LETTER WRITING ရေးနည်း ၁၈၉
၂၀။ LETTER ပုံစံ ၁၉၅
၂၁။ နမူနာစာတစ်စောင် ၁၉၇